# WIC ပါဝင်သူ ရပိုင်ခွင့်များနှင့် တာဝန်များ

ကျွန်ုပ်သည် WIC ပါဝင်သူတစ်ဦးအနေဖြင့် ကျွန်ုပ်၏ ရပိုင်ခွင့်များနှင့် တာဝန်များနှင့်ပတ်သက်သည့် အချက်အလက်များကို ရရှိထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တွင် အောက်ပါရပိုင်ခွင့်များရှိကြောင်း ကျွန်ုပ် နားလည်သဘောပေါက်ပါသည်-

- *WIC ဝန်ထမ်းအားလုံးနှင့် ကုန်စုံဆိုင် ဝန်ထမ်းများထံမှ မျှတပြီး လေးစားတန်ဖိုးထားစွာ ပြုမူဆက်ဆံခံရခြင်း။*
- *WIC ဝန်ထမ်းအားလုံးသို့ ကျွန်ုပ်ပေးအပ်သော အချက်အလက်များကို မပေါက်ကြားစေဘဲ လျှို့ဝှက်ပေးထားခြင်း။ ကျွန်ုပ်၏ ခွင့်ပြုချက်မရှိဘဲ ၎င်းကို WIC ပရိုဂရမ်၏ ပြင်ပလူထံသို့ ထုတ်ပြန်ပေးလိမ့်မည်မဟုတ်ပါ။*
- *အာဟာရပညာပေးနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြား အထောက်အကူပြု ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အချက်အလက်များကို ရယူခြင်း။*
- *WIC ကို လက်ခံရန် ခွင့်ပြုထားသည့် New York ပြည်နယ် (NYS) အတွင်းမှ ကုန်စုံဆိုင် သို့မဟုတ် ဆေးဆိုင်တိုင်းကို အသုံးပြုခြင်း။*
- *ကျွန်ုပ်၏ သို့မဟုတ် ကျွန်ုပ်ကလေး၏ အာဟာရလိုအပ်ချက်များနှင့် ကိုက်ညီသည့် အစားအစာ ပက်ကေ့ချ်ကို ရယူခြင်း။*
- *အခြား WIC ဒေသန္တရအေဂျင်စီထံသို့ လွှဲပြောင်းပေးရန် တောင်းဆိုခြင်း။*
- *ကျွန်ုပ်၏ WIC ပရိုဂရမ် အကျိုးခံစားခွင့်များပြီးဆုံးမည့် အချိန်နှင့် အကြောင်းအရင်းကို စာဖြင့်ရေးသား အကြောင်းကြားခံရခြင်း။*
- *ကျွန်ုပ်၏ သတ်မှတ်ချက်ပြည့်မီမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များအပေါ် ကျွန်ုပ်သဘောမတူလျှင် တရားမျှတသည့် ကြားနာမှုကို တောင်းဆိုခွင့်ရှိခြင်း။*

WIC ပရိုဂရမ်အတွက် သတ်မှတ်ချက်ပြည့်မီမှုရှိ၊ မရှိ သိရှိနိုင်ရန် ကျွန်ုပ်ပေးအပ်ထားသည့် အချက်အလက်များသည် ကျွန်ုပ်၏ သိနားလည်မှုအရ အမှန်ကန်ဆုံးဖြစ်ပါသည်။ ကျွန်ုပ်သည် အောက်ပါအချက်များကို နားလည်သဘောပေါက်ပါသည်-

- *New York ပြည်နယ် WIC ပရိုဂရမ်သည် Medicaid၊ ဖြည့်စွက်အာဟာရကူညီပံ့ပိုးရေးပရိုဂရမ် (Supplemental Nutrition Assistance Program, SNAP)၊ အကူအညီလိုအပ်သည့်မိသားစုများအတွက် ယာယီကူညီပံ့ပိုးရေးပရိုဂရမ် (Temporary Assistance to Needy Families, TANF) နှင့် ကလေးသူငယ် စောင့်ရှောက်မှု ကူညီပံ့ပိုးရေးပရိုဂရမ် (Child Care Assistance Program) ကဲ့သို့ သီးခြား ကျန်းမာရေးနှင့် ပညာပေး ပရိုဂရမ်များနှင့်ပတ်သက်၍ ကျွန်ုပ်၏ WIC အချက်အလက်များအား မျှဝေခြင်းကို ခွင့်ပြုပေးနိုင်သည်။ ယင်းအချက်အလက်များကို ပြည်နယ်နှင့် ဒေသန္တရ WIC အေဂျင်စီများနှင့် အစိုးရအဖွဲ့အစည်းများက WIC ပရိုဂရမ်အတွက် သတ်မှတ်ချက်ပြည့်မီသူများအား ဝန်ဆောင်မှုပေးသည့် ၎င်းတို့၏ ပရိုဂရမ်များ စီမံဆောင်ရွက်ရာ၌သာ အသုံးပြုမည်ဖြစ်သည်။ ဤပရိုဂရမ်များသည် ဤအချက်အလက်များကို အောက်ပါရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သည်- ၎င်းတို့ ပရိုဂရမ်များအတွက် ကျွန်ုပ်၏ သတ်မှတ်ချက်ပြည့်မီမှုကို ဆုံးဖြတ်ရန်၊ ထိုပရိုဂရမ်များနှင့်ပတ်သက်သည့် အချက်အလက်များကို ကျွန်ုပ်အား ပေးအပ်ရန်နှင့် လျှောက်ထားမှုလုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူစွာ ပြုလုပ်ရန်၊ ကျွန်ုပ်သည် ၎င်းတို့၏ ပရိုဂရမ်များအတွင်း စာရင်းသွင်းထားပြီးဖြစ်ပါက ကျွန်ုပ်၏ ကျန်းမာရေး၊ ပညာရေး သို့မဟုတ် ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရန်နှင့် ကျွန်ုပ်၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို ကိုက်ညီပြည့်စုံအောင်လုပ်ဆောင်ရန်။*
- *WIC ပရိုဂရမ်၏ ဝန်ထမ်းအားလုံးသည် ကျွန်ုပ်ပေးအပ်ထားသည့် အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိ သိရှိနိုင်ရန်အတွက် စစ်ဆေးမှုပြုလုပ်နိုင်သည်။ ၎င်းတို့သည် ကျွန်ုပ်၏ ဝင်ငွေနှင့်ဆိုင်သည့်အချက်အလက်များ သိရှိရန် ကျွန်ုပ်၏ အလုပ်ရှင်များ သို့မဟုတ် အခြား ရင်းမြစ်များထံသို့ ဆက်သွယ်နိုင်သည်။ ၎င်းတို့သည် NYS အခွန်စည်းကြပ်ရေးနှင့် ဘဏ္ဍာရေးဌာန (Department of Taxation and Finance) ထံမှ ကျွန်ုပ်၏ အခွန်မှတ်တမ်းများကို ရယူနိုင်သည်။ WIC တွင် ကျွန်ုပ် ပါဝင်နိုင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်သည့်အခါ ၎င်းတို့သည် ကျွန်ုပ်မလျှောက်ထားမီ 12 လထက် ကျော်လွန်သော အချက်အလက်များကို တောင်းဆိုမည်မဟုတ်ပါ။ အကယ်၍ WIC စည်းမျဉ်းများကို ချိုးဖောက်ခဲ့ခြင်းရှိ၊ မရှိ ၎င်းတို့ သိရှိလိုပါက ၎င်းတို့သည် WIC အကျိုးခံစားခွင့်များအား ကျွန်ုပ်ရရှိခဲ့သည့် ကာလအတွင်းရှိ အချက်အလက်များကို တောင်းဆိုနိုင်သည်။*
- *ကျွန်ုပ်သည် အိမ်ပြောင်းရွှေ့ရန် စီစဉ်လျှင်၊ ကျွန်ုပ်၏ ဖုန်းနံပါတ်ကို ပြောင်းလဲလျှင်၊ ကျွန်ုပ်အိမ်ထောင်စုရှိ လူတစ်ဦးဦးအတွက် ဝင်ငွေ ပြောင်းလဲလျှင်၊ သို့မဟုတ် အခြား WIC ဒေသန္တရ အေဂျင်စီထံသို့ ပြောင်းလဲလိုလျှင် ကျွန်ုပ်၏ WIC ဒေသန္တရ အေဂျင်စီထံသို့ အကြောင်းကြားအသိပေးရမည်။*
- *ကျွန်ုပ်သည် WIC အကျိုးခံစားခွင့်များ ရယူရန်အတွက် အဖြစ်မှန်ကို မပြောဆိုလျှင်ဖြစ်စေ အချက်အလက်များကို တမင်ရည်ရွယ်လျက် ဖုံးကွယ်လျှင်ဖြစ်စေ ကျွန်ုပ်အနေဖြင့် အရည်အချင်းပြည့်မီခဲ့ခြင်းမရှိသည့် အကျိုးခံစားခွင့်များအတွက် ပြည်နယ်အစိုးရထံသို့ ပြန်လည်ပေးလျော်ရနိုင်သည်။ ထို့ပြင် ကျွန်ုပ်သည် New York ပြည်နယ် သို့မဟုတ် ပြည်ထောင်စု အာဏာပိုင်များ၏ တရားစွဲဆိုမှုကိုလည်း ခံရနိုင်ပါသည်။*
- *ကျွန်ုပ်သည် WIC ပရိုဂရမ်တစ်ခုအတွက်သာ စာရင်းသွင်းခွင့်ရှိသည်။ ကျွန်ုပ်သည် လက်ရှိတွင် အခြား မည်သည့် WIC ပရိုဂရမ်တွင်မဆို စာရင်းသွင်းထားခြင်းမရှိကြောင်း အတည်ပြုပါသည်။*
- *WIC အစားအစာများသည် စာရင်းသွင်းထားသည့် မိသားစုဝင်အတွက်သာ ဖြစ်သည်။ ကျွန်ုပ်သည် WIC အကျိုးခံစားခွင့်များကို မည်သည့်နည်းနှင့်မဆို ရောင်းချခြင်း၊ ရောင်းချရန် ပေးကမ်းခြင်း သို့မဟုတ် ပေးအပ်ခြင်း မပြုလုပ်နိုင်ပါ။*
- *အကယ်၍ ကျွန်ုပ်၏ အစားအစာ ပက်ကေ့ချ်ကို အချိန်တိုအတွက် ပြောင်းလဲရန် သို့မဟုတ် ရပ်တန့်ရန် လိုအပ်လျှင် ကျွန်ုပ်သည် ကျွန်ုပ်၏ WIC ဒေသန္တရ အေဂျင်စီထံသို့ ခေါ်ဆိုဆက်သွယ်ပါမည်။*
- *WIC ဝန်ထမ်းအားလုံးနှင့် လက်လီအရောင်းဆိုင် ဝန်ထမ်းများအား ယဉ်ကျေးမှုရှိရှိ လေးလေးစားစား ဆက်ဆံရန်မှာ ကျွန်ုပ်၏တာဝန် ဖြစ်သည်။ WIC ဝန်ထမ်းအားလုံး သို့မဟုတ် လက်လီအရောင်းဆိုင် ဝန်ထမ်းများအား ခြိမ်းခြောက်မှုများ ပြုလုပ်ခြင်း သို့မဟုတ် ကိုယ်အားဖြင့် အကြမ်းဖက်မှုပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ခြင်းကြောင့် WIC ပရိုဂရမ်များမှ ဆိုင်းငံ့ခြင်း သို့မဟုတ် အရည်အချင်းမပြည့်မီကြောင်း သတ်မှတ်ခြင်း ပြုလုပ်ခံရနိုင်ကြောင်း ကျွန်ုပ် နားလည်သဘောပေါက်ပါသည်*

WIC ဒေသန္တရ အေဂျင်စီသည် ကျွန်ုပ်အတွက် ရရှိနိုင်သော ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အာဟာရပညာပေး အစီအစဉ်များကို ပြုလုပ်ပေးမည်ဖြစ်ပြီး ဤဝန်ဆောင်မှုများတွင် ပါဝင်ရန် ကျွန်ုပ်ကို အားပေးတိုက်တွန်းကြောင်း ကျွန်ုပ် သိရှိထားပါသည်။

WIC ပရိုဂရမ်တွင် ပါဝင်ရန်အတွက် သတ်မှတ်ချက်ပြည့်မီမှုနှင့် ပါဝင်ခွင့်အတွက် စည်းမျဉ်းများသည် လူမျိုး၊ အသားအရောင်၊ မွေးဖွားရာဇာတိ၊ အသက်အရွယ်၊ မသန်စွမ်းမှု သို့မဟုတ် ကျား/မ ဖြစ်တည်မှုတို့ကို ပစာနမထားဘဲ လူတိုင်းအတွက် တူညီကြောင်း ကျွန်ုပ် သိရှိထားပါသည်။

ဆက်လက်ဖတ်ရှုရန် →

NEW YORK STATE | Department of Health

**တရားမျှတသော ကြားနာမှုကို တောင်းဆိုခြင်း**

အကျိုးခံစားခွင့်များအတွက် သင့်လျှောက်ထားမှုကို ငြင်းပယ်လျှင်ဖြစ်စေ သင့်အကျိုးခံစားခွင့်များကို ရပ်တန့်လိုက်လျှင်ဖြစ်စေ သင့်တွင် တရားမျှတသော ကြားနာမှုကို တောင်းဆိုခွင့်ရှိသည်။ တရားမျှတသော ကြားနာမှုသည် ဆုံးဖြတ်ချက်မှားယွင်းကြောင်း သင့်ထင်မြင်ချက်ကို တရားသူကြီးထံ သင်ပြောဆိုနိုင်မည့် အခွင့်အလမ်းဖြစ်သည်။ သင့်လျှောက်ထားမှု ငြင်းပယ်ခံရသည့် သို့မဟုတ် သင့်အကျိုးခံစားခွင့်များအား ရပ်တန့်ခံရကြောင်း သင့်အား အသိပေးသည့် အချိန်မှ ရက်ပေါင်း 60 အတွင်း ကြားနာမှုကို သင်တောင်းဆိုရမည်ဖြစ်သည်။ ရက်ပေါင်း 60 အတွင်း သင်မတောင်းဆိုပါက တရားမျှတသော ကြားနာမှုတောင်းဆိုခွင့်ကို သင်ဆုံးရှုံးမည်ဖြစ်ပါသည်။

အသိအမှတ်ပြုကာလသည် WIC အကျိုးခံစားခွင့်များ သင်ရရှိမည့် အချိန်အတိုင်းအတာကာလဖြစ်သည်။ အသိအမှတ်ပြုကာလ၏ ကြားအချိန်တစ်ခုခု၌ သင့်အကျိုးခံစားခွင့်များ ရပ်တန့်ခံရပြီး ကြားနာမှုကို 15 ရက်အတွင်း သင်တောင်းဆိုပါက သင့် WIC အကျိုးခံစားခွင့်များသည် ကြားနာမှုရလဒ် ထွက်ပေါ်သည့်အချိန်နှင့် အသိအမှတ်ပြုကာလ အဆုံးသတ်သည့်အချိန် နှစ်ခုအနက် ပို၍စောသည့်အချိန်အထိ ဆက်လက်ရရှိမည်ဖြစ်သည်။ ကြားနာမှုကို တောင်းဆိုရန်အတွက် WIC ဒေသန္တရ အေဂျင်စီထံ တောင်းဆိုပါ (ဝန်ထမ်းများက သင့်အား ကူညီပံ့ပိုးမည်ဖြစ်ပါသည်) သို့မဟုတ် NYS WIC ပရိုဂရမ်ထံ ဆက်သွယ်ပါ-

| | | | |
|---|---|---|---|
| စာပို့လိပ်စာ- | WIC Program Director<br>NYSDOH, Riverview Center<br>150 Broadway, 6th Floor<br>Albany, NY 12204 | ဖုန်း-<br>ဖက်စ်-<br>အီးမေးလ်- | (518) 402-7093၊<br>(518) 402-7348၊ သို့မဟုတ်<br>NYSWIC@HEALTH.NY.GOV |

**ဤထုတ်ပြန်ဖော်ပြချက်သည် ကျွန်ုပ်၏ WIC အကျိုးခံစားခွင့်များကို ကျွန်ုပ်လက်ခံမရရှိမီ <u>ကွန်ပျူတာစနစ်တွင် ကျွန်ုပ် လက်မှတ်ရေးထိုးခဲ့သည်မှာ</u> မှန်ကန်ကြောင်းထောက်ခံထားသည့် ထုတ်ပြန်ဖော်ပြချက်ဖြစ်သည်-**

WIC ပရိုဂရမ်တွင်ပါရှိသော ကျွန်ုပ်၏ ရပိုင်ခွင့်များနှင့် တာဝန်များအကြောင်းကို ကျွန်ုပ်အား အသိပေးထားပြီးဖြစ်ပါသည်။ ကျွန်ုပ်အတွက် သတ်မှတ်ချက်ပြည့်မီမှုရှိ၊ မရှိ အဆုံးအဖြတ်ခံယူနိုင်ရန် ကျွန်ုပ်ပေးအပ်ထားသည့် အချက်အလက်များသည် ကျွန်ုပ်၏ သိမြင်နားလည်မှုအရ ပြည့်စုံပြီး မှန်ကန်ကြောင်း ဝန်ခံပါသည်။ WIC အကျိုးခံစားခွင့်များအား လက်ခံရရှိနိုင်ရန်အလို့ငှာ ဤအချက်အလက်များ ပေးအပ်ခြင်းဖြစ်ပြီး၊ ပြည်နယ် သို့မဟုတ် ဒေသန္တရ WIC အေဂျင်စီ အာဏာပိုင်များအနေဖြင့် လိုအပ်လာလျှင် ကျွန်ုပ်၏ ဝင်ငွေနှင့်ပတ်သက်သည့် အချက်အလက်များအတွက် အလုပ်ရှင်များ သို့မဟုတ် အခြား ရင်းမြစ်များထံ ဆက်သွယ်ခြင်း နှင့်/သို့မဟုတ် NYS အခွန်စည်းကြပ်ရေးနှင့် ဘဏ္ဍာရေးဌာနထံမှ ကျွန်ုပ်၏အခွန်မှတ်တမ်းများကို ရယူခြင်းဖြင့် ဤအချက်အလက်များကို စစ်ဆေးနိုင်ကြောင်း ကျွန်ုပ် နားလည်သဘောပေါက်ပါသည်။ အလုပ်သမားသစ် ငှားရမ်းခန့်အပ်မှုနှင့် လုပ်အားခအစီရင်ခံခြင်း (New Hire and Wage Reporting) ဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ အလုပ်ရှင်များက New York ပြည်နယ် အခွန်စည်းကြပ်ရေးနှင့် ဘဏ္ဍာရေးဌာနထံသို့ ပေးအပ်ရသည့် အချို့သော အလုပ်ခန့်အပ်မှုဆိုင်ရာ အချက်အလက်များအပါအဝင် ဤရည်ရွယ်ချက်အတွက် NYS အခွန်စည်းကြပ်ရေးနှင့် ဘဏ္ဍာရေးဌာနထံမှ ကျွန်ုပ်၏ အခွန်မှတ်တမ်းများအား ထုတ်ပြန်ပေးနိုင်ရန် သီးခြား ခွင့်ပြုချက်ကိုလည်း ကျွန်ုပ် ပေးပါသည်။ တမင်တကာရည်ရွယ်လျက် အချက်အလက်မှားများထည့်သွင်းဖော်ပြခြင်းကြောင့် ကျွန်ုပ်သည် ပြည်နယ် နှင့်/သို့မဟုတ် ပြည်ထောင်စု ဥပဒေအရ တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာ တရားစွဲဆိုခံရနိုင်ကြောင်းကိုလည်း ကျွန်ုပ် နားလည်သဘောပေါက်ပါသည်။ တမင်တကာရည်ရွယ်လျက် အချက်အလက်မှားများထည့်သွင်းဖော်ပြခြင်းတွင် အိမ်ထောင်စုဝင်ငွေ၊ အိမ်ထောင်စုရှိ လူဦးရေ၊ ဆေးကုသရေးအချက်အလက်၊ Medicaid အခြေအနေ နှင့် နေရပ်လိပ်စာတို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် လိမ်လည်ဖော်ပြခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် ထိမ်ချန်ခြင်းတို့ပါဝင်ပြီး ထိုထက်မကသော အရာများလည်း ပါဝင်နိုင်ပါသည်။ မှားယွင်းသော သို့မဟုတ် နားလည်မှုလွဲမှားစေနိုင်သော ထုတ်ပြန်ဖော်ပြချက်ကို ပြုလုပ်ခြင်း သို့မဟုတ် အချက်အလက်များ အမှားထည့်သွင်းဖော်ပြခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ကျွန်ုပ်အား အရည်အချင်းမပြည့်မီကြောင်း သတ်မှတ်ခံရနိုင်ကြောင်းကိုလည်း ကျွန်ုပ် နားလည်သဘောပေါက်ပြီး ကျွန်ုပ်အနေဖြင့် အကျိုးခံစားခွင့်များအား မသင့်တော်သည့်နည်းဖြင့် ရယူရန် ရည်ရွယ်ခဲ့သည်ဖြစ်စေ မရည်ရွယ်ခဲ့သည်ဖြစ်စေ မှားယွင်းရရှိသည့် WIC အကျိုးခံစားခွင့်များ၏ ငွေကြေးတန်ဖိုးကို ပြန်လည်ပေးဆောင်ရနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် ကျွန်ုပ်သည် WIC ပရိုဂရမ်တစ်ခုအတွက်သာ စာရင်းသွင်းခွင့်ရှိကြောင်း နားလည်သဘောပေါက်ပါသည်။ ကျွန်ုပ်သည် ဤနည်းအားဖြင့် လက်ရှိတွင် အခြား မည်သည့် WIC ပရိုဂရမ်တွင်မဆို စာရင်းသွင်းထားခြင်းမရှိကြောင်း အတည်ပြုပါသည်။ အကျိုးခံစားခွင့်များကို ကျွန်ုပ်ထံသို့ ယနေ့ ထုတ်ပေးရန် တောင်းဆိုပါသည်။

ပြည်ထောင်စုမြို့ပြ အခွင့်အရေး ဥပဒေ နှင့် အမေရိက စိုက်ပျိုးရေးဌာန (ယူအက်စ်ဒီအေ) မြို့ပြအခွင့်အရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် မူဝါဒများအရ ဤအဖွဲ့အစည်းသည် လူမျိုး၊ အသားအရောင်၊ မူလနိုင်ငံ၊ ကျားမ (လိင်ရပ်တည်ချက် နှင့် လိင်ကိုင်းညွှန့်မှုအပါအဝင်)၊ ချို့ယွင်းချက်၊ အသက် သို့မဟုတ် ယခင် မြို့ပြအခွင့်အရေးလှုပ်ရှားမှုများအတွက် လက်တုံ့ပြန်ခြင်း သို့မဟုတ် လက်စားချေခြင်းအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းကို တားမြစ်ပါသည်။

အစီအစဉ် အချက်အလက်များကို အင်္ဂလိပ်ဘာသာစကားအပြင် အခြား ဘာသာစကားများဖြင့်လည်း ရှိပါသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူများအနေဖြင့် အစီအစဉ်၏ အချက်အလက်များကို သိရန် အခြား ဆက်သွယ်ရေးနည်းလမ်းများ (ဥပမာ။ ။ မျက်မမြင်စာ၊ ပိုကြီးသောစာလုံး၊ အသံတိတ်၊ အမေရိကန် သင်္ကေတဘာသာစကား) ကို လိုအပ်လျှင် အစီအစဉ်ကို တာဝန်ယူသော ပြည်နယ် သို့မဟုတ် ဒေသန္တရအေဂျင်စီထံသို့ဖြစ်စေ ယူအက်စ်ဒီအေ ၏ တားဂတ် စင်တာ ထံ (202) 720-2600 (အသံနှင့် တီတီဝိုင်) သို့ ဆက်သွယ်နိုင်သည် သို့မဟုတ် ယူအက်စ်ဒီအေထံသို့ ပြည်ထောင်စု ရီလေး ဝန်ဆောင်မှု (800) 877-8339 မှတဆင့် ဆက်သွယ်နိုင်သည်။

အစီအစဉ်နှင့်ပတ်သက်ပြီး ခွဲခြားဆက်ဆံခံရမှုကို တိုင်တန်းရန် တိုင်တန်းသူသည် အွန်လိုင်းတွင် https://www.fns.usda.gov/sites/default/files/resource-files/ad3027-burmese.pdf မှ၊ ယူအက်စ်ဒီအေရုံးထံမှ၊ (866) 632-9992 ထံသို့ ဖုန်းဆက်ပြီး သို့မဟုတ် ယူအက်စ်ဒီအေရုံးထံသို့ စာရေးပြီး ရယူနိုင်သော ယူအက်စ်ဒီအေ အစီအစဉ်နှင့်ပတ်သက်ပြီး ခွဲခြားဆက်ဆံခံရမှုအကြောင်း တိုင်တန်းသည့်ပုံစံ ပုံစံ AD-3027 ကို ဖြည့်စွက်ရမည်။ စာတွင် တိုင်တန်းသူ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ နှင့် မြို့ပြအခွင့်အရေးအတွက် လက်ထောက်အတွင်းရေးမှူး (အေအက်စ်စီအာ) အား မြို့ပြအခွင့်အရေးကို ချိုးဖောက်ခံရသည့် အခြေအနေ၊ ရက်စွဲနှင့် အကျိုးအကြောင်းကို နားလည်သဘောပေါက်ရန် လုံလောက်သော အသေးစိတ်အချက်အလက်များ ပါဝင်ရမည်။ ဖြည့်စွက်ပြီးသော AD-3027 ပုံစံ သို့မဟုတ် စာကို USDA ထံအောက်ပါလိပ်စာသို့ အောက်ပါနည်းလမ်းများဖြင့် မဖြစ်မနေ ပေးပို့ပါ။

(1) စာတိုက်မှတဆင့် U.S. Department of Agriculture
Office of the Assistant Secretary for Civil Rights
1400 Independence Avenue, SW
Washington, D.C. 20250-9410; သို့မဟုတ်

(2) ဖက်စ်ဖြင့် (833) 256-1665 သို့မဟုတ် (202) 690-7442၊ သို့မဟုတ်

(3) အီးမေးလ်ဖြင့် program.intake@usda.gov

ဤအဖွဲ့အစည်းသည် တန်းတူညီတူအခွင့်အရေးပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

အခြား တိုင်တန်းချက်များအတွက် သို့မဟုတ် တရားမျှတသော ကြားနာမှုကို တောင်းဆိုရန်အတွက် ဆက်သွယ်ရန်-

(1) စာပို့လိပ်စာ- WIC Program Director
NYSDOH, Riverview Center
150 Broadway, 6th Floor
Albany, NY 12204၊ သို့မဟုတ်

(2) ဖုန်း- (518) 402-7093၊ ဖက်စ် (518) 402-7348၊ သို့မဟုတ်

(3) အီးမေးလ်- NYSWIC@HEALTH.NY.GOV